# Karen Armed Forces Statement on Reunification

October 13, 2014

1. In accordance with the wishes of the Karen people, we, the forces of KNLA, KNDO, DKBA and KNU/KNLA-PC have unanimously reunified as the (Kawthoolei Armed Forces – KAF).

2. The Burma military (*Tatmadaw*) troops have been intimidating, disarming and attacking, on flimsy excuses, the ethnic armed organizations, which have signed ceasefire agreement with the government, and arresting the personnel of the ethnic armed organizations and the innocent civilians, on a wide scale.

3. Though the peace process has been going on for over three years, instead of achieving the expected progress, we plainly see that the Burma Army has been doing trust-wrecking activities.

4. In addition to intensifying military offensives in the Kachin and Shan States, the Burma Army has started military attacks in the Mon and Karen States.

5. Increasing military activities by the Bama Army like this, have caused much concern to us for the nationwide ceasefire negotiation and peace building process.

6. For that reason, in order to be able to protect the longsuffering people, we have to reunify the Karen national armed resistance forces.

7. The Kawthoolei Armed Forces (KAF) is an army for the protection of the Karen nationals and the entire people, and it will carry on the struggle in cooperation with the alliance of ethnic armed organizations, until the establishment of a democratic federal system, in which there is full self-determination for the Karen people to manage their own destiny.

8. The Four Principles of Karen national leader Saw Ba U Gyi's will be firmly adhered to and practiced.

9. We, the KAF, declare by this statement that we will carry on the struggle in cooperation with forces at home and abroad, until the emergence of lasting peace and a democratic federal union, and the achievement of victory.

For further information –
Contact: (+66) 9 0147 9893

# ကရင်အမျိုးသားလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များပြန်လည်ပေါင်းစည်းခြင်း

## ထုတ်ပြန်ကြေငြာချက်

၂၀၁၄-ခုနှစ်၊ အောက်တိုဘာလ(၁၃)ရက်

၁။ ကရင်ပြည်သူလူထုများ၏ဆန္ဒနှင့်အညီ မိမိတို့ KNLA၊ KNDO၊ DKBA၊ KNU/KNLA–PC အဖွဲ့များသည် ကော်သူးလေတပ်မတော်( Kawthoolei Armed Forces – KAF)ကို စည်းလုံးညီညွတ်စွာဖြင့် ပြည်လည်ပေါင်းစည်းလိုက်ပါသည်။

၂။ အစိုးရနှင့်အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများကို ဗမာစစ်တပ်မှ အကြပ်ကိုင်ခြင်း၊ လက်နက်သိမ်းခြင်း၊ အကြောင်းရှာတိုက်ခိုက်မှုပြုခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးရဲဘော်များနှင့် အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးခြင်းစသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ပြုလုပ်နေပါသည်။

၃။ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် (၃)နှစ်ကျော်ရှိခဲ့ပြီးဖြစ်သော်လည်း မျှော်လင့်ထားသည့်အောင်မြင်တိုးတက်မှုကို မရရှိသည့်အပြင် ဗမာစစ်တပ်မှ ယုံကြည်မှုကိုပျက်ပြားစေသောလုပ်ရပ်များ ပြုလုပ်လာနေသည်ကို ထင်ထင်ရှားရှား တွေ့နေရသည်။

၄။ ဗမာစစ်တပ်မှ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်များတွင် စစ်အရှိန်ပိုမိုတိုးမြှင့်လာသည့်အပြင် ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်များတွင်လည်း တိုက်ခိုက်လာပြီ ဖြစ်သည်။

၅။ ယခုကဲ့သို့ ဗမာစစ်တပ်မှ စစ်ရေးလှုပ်ရှားမှုအရှိန်တိုးမြှင့်လာနေသဖြင့် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းဆောင်ရွက်မှုအပေါ် လွန်စွာစိုးရိမ်ပူပန်မိပါသည်။

၆။ ထို့ကြောင့် မိမိတို့အနေဖြင့် အဖိနှိပ်ခံနေရသောပြည်သူလူထုများအား အကာအကွယ်ပေးနိုင်ရန်အတွက် ကရင်အမျိုးသားလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များကို တစုတစည်းတည်း ပြန်လည်ပေါင်းစည်းရခြင်းဖြစ် ပါသည်။

၇။ ကော်သူးလေတပ်မတော်(KAF)သည် ကရင်အမျိုးသားနှင့်ပြည်သူလူထုတရပ်လုံးကို အကာအကွယ်ပေးမည့်တပ်မတော်ဖြစ်ပြီး ကရင်အမျိုးသားများအတွက် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သော ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးအပြည့်အဝရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ကို တည်ဆောက်နိုင်သည်အထိ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးတပ်ပေါင်းစုနှင့် ပူးပေါင်းတိုက်ပွဲဝင်သွားမည်။

၈။ ကရင်အမျိုးသားခေါင်းဆောင်ကြီးစောဘဦးကြီး၏မူ(၄)ချက်ကို ခိုင်မာစွာ ကိုင်စွဲကျင့်သုံးသွားမည်။

၉။ မြန်မာနိုင်ငံ၌ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံပေါ်ပေါက်လာသည်အထိ မိမိတို့ကော်သူးလေတပ်မတော်(KAF)သည် ပြည်တွင်းပြည်ပအင်အားစုများနှင့် ပူးပေါင်းပြီး အောင်ပွဲရသည်အထိ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။

**ဆက်သွယ်ရန်**- (+၆၆) ၉ ၀၁၄၇ ၉၈၉၃